# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ နေပြည်တော်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website ဖြစ်သည့် www.cbm.gov.mm , forex.cbm.gov.mm တို့၏ လုံခြုံရေးနှင့် သက်ဆိုင်သော နည်းပညာဆိုင်ရာဝန်ဆောင်မှု ရယူလိုခြင်းကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ဆောင်မှုပေးနိုင်မည့် ပြည်တွင်းနည်းပညာကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၁၃-၈-၂၀၁၉) ရက်နေ့မှ (၁၅-၈-၂၀၁၉) ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ် (စက်မှု) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၇-၈-၂၀၁၉) ရက်နေ့ နောက်ဆုံးထား၍ (၀၉:၃၀) နာရီမှ (၁၃:၃၀) နာရီအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၅။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း (၀၁-၅၅၉၄၈၉) နှင့် စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (နေပြည်တော်)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း (၀၆၇-၃၄၁၈၂၉၃) တို့သို့လည်းကောင်း၊ Email လိပ်စာ networkteam.cbm@gmail.com သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ